ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# ဒုတိယတန်း
# မြန်မာဖတ်စာ



၂၀၁၈– ၂၀၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# ဒုတိယတန်း
# မြန်မာဖတ်စာ

၂၀၁၈–၂၀၁၉


မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာန၏ အခြေခံပညာမူလတန်းသင်ရိုးညွှန်းတမ်းအသစ်များ ရေးဆွဲပြုစုအကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းတွင် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) က နည်းပညာပံ့ပိုးကူညီမှုပေးပါသည်။

# မာတိကာ


| အခန်း | သင်ခန်းစာ | စာမျက်နှာ |
|---|---|---|
| ၁ | အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁) | ၁ |
| ၂ | အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၂) | ၁၅ |
| ၃ | အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၃) | ၂၆ |
| ၄ | အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၄) | ၃၆ |
| ၅ | အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၅) | ၄၈ |
| ၆ | အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၆) | ၅၉ |
| ၇ | အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၇) | ၆၈ |
| ၈ | ပုံပြောကြမယ် နားထောင်ကြမယ် စာလုံးဆင့်လည်း သင်ကြမယ် | ၇၈ |
| ၉ | ကိုယ့်အကြောင်းကလေးတွေ ပြောကာရယ် စာပိုဒ်ကလေးတွေ ရေးကြမယ် | ၈၆ |
| ၁၀ | ဖတ်စာကလေးတွေ ဖတ်ကာရယ် ပျော်ပျော်ရွှင်ရွှင် စာသင်မယ် | ၉၂ |
| ၁၁ | ပုံပြင်ကလေးတွေပြောကာရယ် ဗဟုသုတရှာကြမယ် | ၁၀၂ |
| | ပုံပြအဘိဓာန် | ၁၁၁ |

# အခန်း ၁ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁)

## (က) နွေရာသီကျောင်းပိတ်ရက်




ဘယ်ကို သွားခဲ့သလဲ။
ဘယ်သူနဲ့ သွားခဲ့သလဲ။
ဘာနဲ့ သွားခဲ့သလဲ။
ဘယ်တုန်းက သွားခဲ့သလဲ။




ကျောင်းပိတ်ရက်မှာ မိဘတွေကို ဘယ်လို ကူညီခဲ့ကြသလဲ။

ဘယ်နေရာတွေကို သွားခဲ့ကြသလဲ။

သင်္ကြန်ပွဲမှာ တော်တော် ပျော်ခဲ့ကြရဲ့လား။


# ၁။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁)








# (ခ) တောကြီးထဲကဆင် (ကဗျာ)




**တောကြီးထဲကဆင်**

ငသတ် သတ်လို့ ဆွဲကာငင်
တောကြီးထဲက ဆင်။
ဆင် ဆင့် ဆင်း လျှိုမြောင်တွင်း
ဝါးရုံတောကို နင်း။
နင် နင့် နင်း
ဆင် ဆင့် ဆင်း။

**တင်မိုး**

# (ဂ) အင် (–င်) အင့် (–င့်) အင်း (–င်း) အသတ်များ သင်ကြားကြစို့လား



| | | |
|---|---|---|
| **အင်** | **အင့်** | **အင်း** |
| **–င်** | **–င့်** | **–င်း** |
| **–ဉ်** | **–ဉ့်** | **–ဉ်း** |



| | | |
|---|---|---|
| ဆင် | ဆင့် | ဆင်း |
| တင် | တင့် | တင်း |
| ထင် | ထင့် | ထင်း |
| နင် | နင့် | နင်း |
| ပင် | ပင့် | ပင်း |

| | | |
|---|---|---|
| စဉ် | စဉ့် | စဉ်း |
| ကျင် | ကျင့် | ကျင်း |
| မြင် | မြင့် | မြင်း |
| ခွင် | ခွင့် | ခွင်း |
| နှင် | နှင့် | နှင်း |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။


ပင် ပင့် ပင်း

စဉ် စဉ့် စဉ်း


# ၁။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁)




ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။



မြင်း



တံစဉ်




ဆင်




နှင်းဆီပွင့်




ရေအိုးစင်



ထမင်း



လယ်ကွင်း



ပုစဉ်း




သဇင်

| | | | | | |
|---|---|---|---|---|---|
| ထင်း | စင်မြင့် | ဆီးနှင်း | ယဉ်ကျေး | မိခင်ဖခင် | သူငယ်ချင်း |
| ငါးရှဉ့် | မြေပြင် | ပျဉ်ပြား | ရှင်းလင်း | အချိုအချဉ် | အလေ့အကျင့် |





စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



မိုးစင်စင်လင်းပြီ။
ပြတင်းများ ဖွင့်ထားပါ။
သတင်းစာ နေ့စဉ် ကြည့်ရှုပါ။
သတင်းထူးလျှင် ပြောပါ။

တွင်းရေ ကြည်လင်၏။
ရေငင်နေသလား။
ရေအိုးကို ပင့်ပေးပါ။
အချင်းချင်း ကူညီရမည်။





ပညာရှိနှင့် ယှဉ်တွဲပါ။
စဉ်းစားတွေးခေါ် ဆင်ခြင်ပါ။
ယဉ်ယဉ်ကျေးကျေး ပြောဆိုပါ။
စည်းမျဉ်းစည်းကမ်းကို လေးစားပါ။

လယ်ကွင်းပြင်မှာ ရေဖွေးဖွေး
ပျိုမေလေးများ လယ်ထဲဆင်းကြမည်။
ပျော်ပျော်ရွှင်ရွှင် သီချင်းဆိုကြ၏။
ပျိုးပင်များ သယ်လာကြသည်။





## စကားလုံးအမှန် ရွေးပါ။

(က) အစာများကို (ယင်၊ ယဉ် ) မနားပါစေနဲ့။

(ခ) စကားကို (ညင်ညင်၊ ညဉ်ညဉ် ) သာသာပြောပါ။

(ဂ) (စဉ့်၊ စင့်) အိုးထဲမှာ ရေအပြည့်ရှိတယ်။

(ဃ) အချင်းချင်း (ရိုင်းပင်း၊ ယိုင်းပင်း) ကူညီပါ။

(င) ဒီအသီးက (ချဉ် ၊ ချင်) လိုက်တာ။

## (ဃ) အောင် (ေ–ာင်) အောင့် (ေ–ာင့်) အောင်း (ေ–ာင်း) အသတ်များ သင်ကြားကြစို့လား



| | | |
|---|---|---|
| အောင် | အောင့် | အောင်း |
| ေ–ာင် | ေ–ာင့် | ေ–ာင်း |



| | | | | | |
|---|---|---|---|---|---|
| စောင် | စောင့် | စောင်း | ကြောင် | ကြောင့် | ကြောင်း |
| ဆောင် | ဆောင့် | ဆောင်း | ဖြောင် | ဖြောင့် | ဖြောင်း |
| တောင် | တောင့် | တောင်း | မြောင် | | မြောင်း |
| ထောင် | ထောင့် | ထောင်း | နှောင် | နှောင့် | နှောင်း |
| ရောင် | ရောင့် | ရောင်း | မြှောင် | မြှောင့် | မြှောင်း |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။


စောင် စောင့် စောင်း

ဖြောင် ဖြောင့် ဖြောင်း


# ၁။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁)




ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။




စာသင်ကျောင်း




ခေါင်းလောင်း



ကျောင်းသား



လှောင်အိမ်



မောင်း




စောင်း



ကြောင်



ပြောင်းဖူးပင်



ဝါးဖောင်

| | | | | |
|---|---|---|---|---|
| အောင်မြင် | ပျော့ပျောင်း | ဖြောင့်ဖြောင့် | သူရဲကောင်း | ပြည်ထောင်စု |
| ခြင်းတောင်း | ကောင်းကင် | ဆောင်းရာသီ | ခေါင်းဆောင် | အပေါင်းအဖော် |



စကားလုံးကလေးတွေ ဖတ်ကြရယ် ရွတ်ဆို ရေးကြည့်မယ်။



ပြည်ထောင်စုသား ညီနောင်များတို့
ကောင်းစားစေကြောင်း
အားဖြည့်လောင်း၍
စုပေါင်းညီညာ ကြိုးပမ်းပါ။

ရွာနံဘေးက ချောင်းကလေး
လောင်းလှေကို လှော်ကြမည်။
ဖောင် မျှောလာသည်။
သဲသောင်ကို ရှောင်ပါ။





စာကြောင်းကို ဖြောင့်အောင်ရေးပါ။
မစောင်းပါစေနှင့်။
အရေးအသား ကောင်းအောင်ကြိုးစားပါ။
အစကောင်းမှ အနှောင်းသေချာမည်။

ကျောင်းသားလူငယ်များ
ရိုးသားဖြောင့်မှန်ကြသည်။
အများအကျိုးဆောင်ကြ၏။
ချီးကျူးစရာကောင်းသည်။





## ကွက်လပ်ဖြည့်ကြရအောင်။

စုပေါင်း | ဖြောင့်တန်း | ဝါးဖောင် | စောင်းသံ | မီးဖိုချောင်

(က) ရွာလမ်းကလေး ------ နေသည်။

(ခ) ဟိုမှာ ------ မျောနေတယ်။

(ဂ) မေမေ ------ မှာ မီးမွှေးနေသည်။

(ဃ) မမရဲ့ ------ က သာယာတယ်။

(င) ကျောင်းမှာ ------ သန့်ရှင်းရေးလုပ်ကြမယ်။

# (င) ဆယ့်နှစ်လရာသီပွဲတော်များ


၁။ တန်ခူးလ သင်္ကြန်ပွဲ




၂။ ကဆုန်လ ညောင်ရေသွန်းပွဲ




၃။ နယုန်လ စာပြန်ပွဲ



၄။ ဝါဆိုလ ဝါဆိုပွဲ




၅။ ဝါခေါင်လ စာရေးတံပွဲ




၆။ တော်သလင်းလ လှေပြိုင်ပွဲ



၇။ သီတင်းကျွတ်လ မီးထွန်းပွဲ




၈။ တန်ဆောင်မုန်းလ ကထိန်ပွဲ



## ၉။ နတ်တော်လ စာဆိုတော်ပွဲ




## ၁၀။ ပြာသိုလ မြင်းခင်းပွဲ



## ၁၁။ တပို့တွဲလ ထမနဲပွဲ



## ၁၂။ တပေါင်းလ သဲပုံစေတီပွဲ



# အခန်း ၂ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၂)

## (က) မေ့သားလှ (ကဗျာ)




**မေ့သားလှ**

ခေါင်းလောင်းသံ ဒေါင်ဒေါင်ဒင်
ကျောင်းတက်ချိန်မို့ပင်၊
စာသင်သမျှ နားထောင်ကြ
ဒါမှ မေ့သားလှ။
ခေါင်းလောင်းသံ ဒေါင်ဒေါင်ဒင်
ကျောင်းဆင်းချိန်မို့ပင်၊
အတန်းစဉ်ကာ အိမ်ပြန်ရ
ဒါမှ မေ့သားလှ။

**တင်မိုး**

# (ခ) အိုင် (◌ိုင်) အိုင့် (◌ိုင့်) အိုင်း (◌ိုင်း) အသတ်များ သင်ကြားကြစို့လား



| | | |
|---|---|---|
| အိုင် | အိုင့် | အိုင်း |
| ◌ိုင် | ◌ိုင့် | ◌ိုင်း |



| | | |
|---|---|---|
| ကိုင် | | ကိုင်း |
| ခိုင် | | ခိုင်း |
| ဆိုင် | | ဆိုင်း |
| တိုင် | | တိုင်း |
| မိုင် | | မိုင်း |

| | | |
|---|---|---|
| ချိုင် | ချိုင့် | ချိုင်း |
| ပြိုင် | | ပြိုင်း |
| မြိုင် | | မြိုင်း |
| မှိုင် | | မှိုင်း |
| လှိုင် | | လှိုင်း |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ကိုင် ကိုင်း

ချိုင် ချိုင်း


## ၂။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၂)




ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။




ရေလှိုင်း




ပန်းခိုင်



ဗျိုင်း




ထမင်းချိုင့်




ရေအိုင်



စတိုးဆိုင်



ထိုင်ခုံ



မနောတိုင်

| | | | | | |
|---|---|---|---|---|---|
| ပြိုင်ပွဲ | ဗိုင်းငင် | ပန်းတိုင် | နှိုင်းယှဉ် | တိုင်းပြည် | နိုင်ငံတော် |
| ကြံ့ခိုင် | ကိုင်းပင် | မွှေးကြိုင် | တောမြိုင် | မြိုင်မြိုင်ဆိုင်ဆိုင် | |




စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



လမ်းဘေးက ရေအိုင်
သည်အိုင်က ခြင်လာသည်။
ခြင်နိုင်ဆေး ဖျန်းပါ။
လူတိုင်းမှာ တာဝန်ရှိသည်။

ကျောင်းအားကစားပြိုင်ပွဲ
အတန်းတိုင်းက ဝင်ပြိုင်သည်။
ကျန်းမာကြံ့ခိုင် တို့ယှဉ်ပြိုင်
အောင်နိုင်သူကို ဆုပေးမည်။





အမိမြန်မာနိုင်ငံတော်
တိုင်းရင်းသားများ
စုပေါင်းနေထိုင်ကြ၏။
အချင်းချင်း ကူညီရိုင်းပင်းကြ၏။
ဝိုင်းဝန်းထမ်းဆောင် ကြံတိုင်းအောင်။

မိုးဖြိုင်ဖြိုင်ရွာပြီ။
တောရိုင်းကို ရှင်းပါ။
မြေသြဇာ နိုင်နိုင်ထည့်ပါ။
အပင်များ ထွားကျိုင်းမည်။
အသီးလှိုင်လှိုင်ပေါမည်။





## ကွက်လပ်ဖြည့်ကြရအောင်။

| | | |
|---|---|---|
| တိုင်းရင်းသား | မွေးကြိုင် | ဆိုင်းဝိုင်း |
| ထွားကျိုင်း | ကိုင်းရှိုင်း | |

(က) မြန်မာနိုင်ငံတွင် ------ များ စုပေါင်းနေထိုင်ကြသည်။

(ခ) အလှူပွဲတွင် မြန်မာ့ ------ ဖြင့် ဧည့်ခံလေ့ရှိသည်။

(ဂ) မမရဲ့ သားကလေး သန်မာ ------ တယ်။

(ဃ) စံပယ်ပန်းများ ------ နေသည်။

(င) ဘာသာတရားကို ရိုသေ ------ ပါ။

# (ဂ) အိန် (ိန်) အိန့် (ိန့်) အိန်း (ိန်း) အသတ်များ သင်ကြားကြစို့လား



| | | |
|---|---|---|
| အိန် | အိန့် | အိန်း |
| ိန် | ိန့် | ိန်း |
| ိမ် | ိမ့် | ိမ်း |



| | | |
|---|---|---|
| ထိန် | ထိန့် | ထိန်း |
| မိန် | မိန့် | မိန်း |
| စိမ် | စိမ့် | စိမ်း |
| လိမ် | လိမ့် | လိမ်း |
| သိမ် | သိမ့် | သိမ်း |

| | | |
|---|---|---|
| ချိန် | | ချိန်း |
| ကြိမ် | | ကြိမ်း |
| ငြိမ် | ငြိမ့် | ငြိမ်း |
| မှိန် | | မှိန်း |
| နှိမ် | နှိမ့် | |




စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ထိန် ထိန့် ထိန်း


ငြိမ် ငြိမ့် ငြိမ်း




ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။



မုန့်ကြိုးလိမ်



ချိန်ခွင်




နေအိမ်




မိုးတိမ်



ကြိမ်ခြင်း



စိန်ပန်းပင်



ပုသိမ်ထီး

| | | | | | |
|---|---|---|---|---|---|
| မိုးခြိမ်း | ဖြီးလိမ်း | ပန်းထိမ် | ထိန်းသိမ်း | နံ့သာလိမ်း | ကြိမ်းမောင်း |
| ချိန်းဆို | ငြိမ်းချမ်း | ထိန်လင်း | စိမ်းစားဥ | စိမ့်စမ်းရေ | အနိမ့်အမြင့် |




စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



မိုးတိမ်ထူသည်။
လေငြိမ်နေ၏။
အိမ်ထဲမှာ ရေဒီယိုနားထောင်ပါ။
မိုးလေဝသ သတင်း
အကြိမ်ကြိမ် ကြားရသည်။

လမင်း ထိန်ထိန်သာ၏။
ညအချိန်မှာ ကစားမည်။
မီးအိမ်ကလေးကို ငြှိမ်းပါ။
စိန်ပြေးတမ်း ကစားရအောင်။





ရွာထဲမှာ အငြိမ့်ပွဲရှိသလား။
ဆိုင်းသံတခြိမ့်ခြိမ့် ကြားရသည်။
မိန်းကလေးများ ဖြီးလိမ်းနေပြီ။
ယိမ်းအက ငြိမ့်ညောင်းလှသည်။
ပွဲသိမ်းလျှင် အိမ်ပြန်ကြမည်။

ကထိန်ပွဲကြီး နီးလာပြီ။
ပွဲတော်အချိန် မီရဲ့လား။
ပုသိမ်ထီး ရပါစေမည်။
မစိုးရိမ်ပါနှင့်။
အချိန်မီပါသည်။





## ကွက်လပ်ဖြည့်ကြရအောင်။

| စိန်ပြေးတမ်း | မိုးခြိမ်းသံ | စိမ်းလန်း |
|---|---|---|
| ပုသိမ်ထီး | ယိမ်းနွဲ့ | |

(က) မိုးဦးရာသီတွင် ------ ကြားရသည်။

(ခ) လယ်ကွင်းပြင်မှာ စပါးခင်းများ ------ နေကြသည်။


(ဂ) လသာသာမှာ ကလေးတွေ ------ ကစားနေကြတယ်။

(ဃ) လေအဝှေ့တွင် ပန်းကလေးများ ------ နေကြသည်။

(င) မေမေ ဘုရားပွဲကအပြန် ------ ဝယ်လာပေးတယ်။

# (ဃ) ရုပ်ပုံကြည့်ကာ စာရေးပါ။ စကားလုံးမှန်ဖို့ လေ့ကျင့်စို့။

## ၁။ ရုပ်ပုံကြည့်ကာ စာရေးပါ။














## ၂။ စကားလုံးမှန်ဖို့ လေ့ကျင့်စို့။




ရေအိုင်



## (င) ညို့ထွေးနဲ့ကိုလေး (ကဗျာ)




**ညို့ထွေးနဲ့ကိုလေး**

လစန်းသာတဲ့ ညချမ်းခါ
ကစမ်း ညို့ထွေးရာ၊
ဆိုတေးသာတဲ့ ကိုကိုလေး
ချိုအေးသံသီကြွေး၊
ဝါဝါဖွေးတဲ့ ဖိုးလမောင်
မိုးမှ ပြုံးယောင်ယောင်၊
မမုန်းပေါင် လေနုအေး
ခြွေဆုညြဘာပေး။


**အောင်နိုင်(တက္ကသိုလ်)**

# အခန်း ၃ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၃)

## (က) ဘာကြောင့်ကြိုက်တယ် ပြောကြမယ်





အချင်းချင်းဖလှယ်ပြောကြမယ်။




## (ခ) ယုန်ကလေးက နားရွက်ထောင် (ကဗျာ)











**ယုန်ကလေးက နားရွက်ထောင်**

ယုန်ကလေးက နားရွက်ထောင်
ပညာရှိ ယောင်ယောင်၊
ကြောင်ကလေးက လက်သည်းဝှက်
ချောင်းလိုက်ရတဲ့ ကြွက်။
ရွှေဇီးကွက်ရဲ့ ဣန္ဒြေ
ဘုရင်ကြီးလိုနေ၊
မိုးလေတွက်ကာ ဗေဒင်ဟော
တောက်တဲ့ ကိုလေပေါ။
ပြောတိုင်းယုံတဲ့ ပုတ်သင်ညို
ခေါင်းညိတ်လှသကို၊
ရွှေကျီးညို သာပါလှ
ဧည့်သည် လာပါစ။

**တင်မိုး**







# (ဂ) အုန် (ုန်) အုန့် (ုန့်) အုန်း (ုန်း)
# အသတ်များ သင်ကြားကြစို့လား



| | | |
|---|---|---|
| အုန် | အုန့် | အုန်း |
| ုန် | ုန့် | ုန်း |
| ုံ | ုံ့ | ုံး |



| | | |
|---|---|---|
| စုန် | စုန့် | စုန်း |
| မုန် | မုန့် | မုန်း |
| ကုံ | | ကုံး |
| ငုံ | ငုံ့ | ငုံး |
| တုံ | တုံ့ | တုံး |

| | | |
|---|---|---|
| ကျုံ | ကျုံ့ | ကျုံး |
| ချုံ | ချုံ့ | ချုံး |
| ဖြုံ | ဖြုံ့ | ဖြုံး |
| မြုံ | မြုံ့ | |
| မှုန် | မှုန့် | မှုန်း |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။


စုန် စုန့် စုန်း

မှုန် မှုန့် မှုန်း

## ၃။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၃)




ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။




ယုန်




ဂျုံ




ပျားအုံ



ဗုံရှည်




ခေါင်းအုံး



ဒုံးပျံ



ပန်းကုံး



မီးပုံးပျံ



မုန့်လုံးရေပေါ်

| | | | | | |
|---|---|---|---|---|---|
| ပြုံးရွှင် | အုံ့မှိုင်း | ပြေးခုန် | လုံမလေး | နံ့သာမှုန့် | ကုန်းကြောင်း |
| ပုံပြင် | တွေ့ဆုံ | ရေပုံး | နယုန်လ | ကုန်စုံဆိုင် | လေမုန်တိုင်း |





စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



စံပယ်သုံးကုံး
ဘယ်လိုသုံးမလဲ။
ပြုံး၍ မေးသည်။
ဆံထုံးမှာ ပန်မည်။


ဟင်းမျိုးစုံပြီ။
ခုံပေါ်မှာ အကုန်ချထားပါ။
ယင်မအုံပါစေနှင့်။
အားလုံး လုံအောင် ဖုံးထားပါ။





မိုးအုံ့လျှင် အေးသည်။
တံခါးလုံရဲ့လား။
ချမ်း၍ တုန်နေသည်။
စောင်လုံလုံ ခြုံထားပါ။

တောင်ကုန်းနားက ယုန်ကလေး
ခုန်၍ ခုန်၍ ခုန်၍ ပြေး။
မယုံလျှင် သွား၍မေး
မကြုံစဖူး ထူးလှသေး။





## စကားလုံးအမှန် ရွေးပါ။

(က) မိုးတွေ (အုံ့မှိုင်း၊ အုန့်မှိုင်း) လာပြီ။

(ခ) ခြံထဲမှာ (ခြုံ၊ ချုံ) တွေ ထူနေတယ်။

(ဂ) ညီလေး ဘယ်မှာ (ပုန်း၊ ပုံး) နေသလဲ။

(ဃ) ဆရာမ (ဆံထုန်း၊ ဆံထုံး) မှာ ပန်းပန်ထားတယ်။

(င) ကလေးတွေ (ခုန်၊ ခုံ) ပေါ်မှာ ထိုင်နေကြတယ်။

# (ဃ) အွန် (ွန်) အွန့် (ွန့်) အွန်း (ွန်း)
# အသတ်များ သင်ကြားကြစို့လား



| | | |
|---|---|---|
| အွန် | အွန့် | အွန်း |
| ွန် | ွန့် | ွန်း |
| ွမ် | ွမ့် | ွမ်း |
| ွံ | ွံ့ | |



| | | |
|---|---|---|
| ကွန် | ကွန့် | ကွန်း |
| စွန် | စွန့် | စွန်း |
| တွန် | တွန့် | တွန်း |
| ထွန် | ထွန့် | ထွန်း |
| လွန် | လွန့် | လွန်း |

| | | |
|---|---|---|
| ခွံ | စွံ | နွံ |
| ဆွံ့ | ဖွံ့ | ရွံ့ |
| ကျွံ | ချွံ | |
| ကျွန် | | ကျွန်း |
| ချွန် | | ချွန်း |
| | ရှွံ့ | |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။


လွန် လွန့် လွန်း

စွံ နွံ ဖွံ့

## ၃။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၃)




ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။



ဇွန်း



စွန်




ယွန်းထည်



ကွမ်းသီး




ကွန်ပျူတာ



ထွန်တုံး



ဝါဂွမ်း




လယ်ထွန်

| | | | | | |
|---|---|---|---|---|---|
| မွမ်းမံ | နွံ့ညွန် | ခွန်အား | စွမ်းရည် | ကျွမ်းကျင် | ကောင်းမွန် |
| ဖွံ့ဖြိုး | ရွာသွန်း | ထွန်းညို | ညွှန်ကြား | ကျွန်းဆွယ် | ဆွမ်းတော် |




စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



ဇွန်ပန်းရုံအနီး
လှည်းဘီး နွံထဲကျွံနေသည်။
ကူ၍ တွန်းပေးကြပါ။
လေးလွန်း၍ မတွန်းနိုင်ဘူးလား။
ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်။


နေမွန်းတည့်ပြီ။
အပူရှိန် အလွန်ပြင်းသည်။
လွန်လွန်ကျွံကျွံ မကစားရ။
ခွန်အား ကုန်ခန်းမည်။
ပင်ပန်းနွမ်းနယ်မည်။





ရိုးသား၍ ပညာထူးချွန်သူ
အကျင့်ကောင်းမွန်သူ
အများအကျိုးငှာ ကိုယ်ကျိုးစွန့်သူ
တာဝန်ကျေပွန်သူ
ထိုသူတို့ကို ချီးမွမ်းရမည်။

ခွန်အားကြီးသော လယ်သမားများ
စုပေါင်းထွန်ကြမည်။
နည်းလမ်းကောင်းများ ညွှန်ပြထားသည်။
သီးနှံဖွံ့ဖြိုးမည်။
ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ။





## ကွက်လပ်ဖြည့်ကြရအောင်။

| | | |
|---|---|---|
| ခွံ့ကျွေး | ကျွမ်းကျင် | လူရည်ချွန် |
| ဇွန်ပန်း | ဟွန်းသံ | |

(က) အိမ်ရှေ့မှာ ------ တွေ ပွင့်နေတယ်။

(ခ) ကား ------ ဆူညံတယ်။

(ဂ) ကျောင်းမှာ မောင်ဘ ------ အရွေးခံရတယ်။

(ဃ) ကလေးကို ထမင်း ------ နေတယ်။

(င) ဦးဘ ကားမောင်း ------ တယ်။


# အခန်း ၄ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၄)

## (က) အမြှောက်ကြိုက်သူ (ပုံပြင်)

ကျီးတစ်ကောင်ဟာ အိမ်တစ်အိမ်ကနေ အသားတုံးတစ်တုံး ကိုက်ချီလာပြီး သစ်ကိုင်းမှာ နားနေသတဲ့။ အဲဒီသစ်ပင်ရဲ့ အောက်မှာ မြေခွေးတစ်ကောင်ထိုင်နေတယ်။ မြေခွေးဟာ ကျီးကိုက်ချီထားတဲ့ အသားတုံးကို စားချင်လို့ သစ်ပင်ပေါ်ကို မော့ကြည့်ပြီး ပြောလိုက်တယ်။



ကျီးဟာ မြေခွေးမြှောက်ပင့်ပြောဆိုတဲ့ စကားကို တကယ်ထင်ပြီး "အား. . . အား" လို့ အော်လိုက်တယ်။ အော်လိုက်တာနဲ့ တစ်ပြိုင်နက် ကိုက်ချီထားတဲ့ အသားတုံးဟာ သစ်ပင်အောက်ကို ပြုတ်ကျသွားတော့သတဲ့။





အသားတုံးကို စားချင်နေတဲ့ မြေခွေးဟာ တစ်ခါတည်း ကောက်ချီပြီး သူရဲ့တွင်းထဲကို ဝင်ပြေးသွားတော့သတဲ့ကွယ်။ ကလေးတို့လဲ သူတစ်ပါး မြှောက်ပင့်ပြောဆိုတဲ့ စကားကို သေသေချာချာ စဉ်းစားဆင်ခြင်ပြီးမှ ယုံရမယ်နော်။

ဒီမေးခွန်းကလေးတွေကို ဖြေကြည့်ကြရအောင်



## မေးခွန်း

၁။ ကျီးကိုက်ချီသွားတာ ဘာဖြစ်မယ် ထင်သလဲ။
၂။ မြေခွေးက ကျီးကို ဘယ်လိုပြောသလဲ။
၃။ မြေခွေးက ကျီးကို ဘာကြောင့် မြှောက်ပင့် ပြောသလဲ။
၄။ သင်သာ ကျီးဆိုရင် ဘယ်လိုလုပ်မလဲ။
၅။ မြေခွေးရဲ့ အပြုအမူကို ကလေးတို့ရော သဘောကျရဲ့လား။ ဘာကြောင့်လဲ။

# (ခ) အက် (-က်) အသတ်များ သင်ကြားကြစို့လား



**အက်**
**-က်**



| | | | | |
|---|---|---|---|---|
| ကက် | ကျက် | ကြက် | ကွက် | ငှက် |
| ခက် | ချက် | ပြက် | ခွက် | ညှက် |
| စက် | ပျက် | ဖြက် | စွက် | နှက် |
| ညက် | မျက် | မြက် | ထွက် | ရှက် |
| သက် | လျက် | | ရွက် | ဝှက် |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။


ကက် ကျက် ကြက်

ကွက် ငှက် ဝှက်

# ၄။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၄)



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။




စက်ရုံ




ကြွက်




မျက်မှန်




တံမြက်စည်း



ငှက်ပျောသီး




မျက်နှာ



ရက်ကန်းစင်



ကြက်သွန်နီ



ရွက်လှေ

| | | | | |
|---|---|---|---|---|
| ညဥ့်နက် | လက်ဖက် | တွက်ချက် | နက်ဖြန်ခါ | ကြက်တူရွေး |
| ရောယှက် | ထက်ဝက် | သွက်လက် | ဆောင်ရွက် | အသက်အရွယ် |





စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



ကျောင်းတက် မပျက်ပါစေနှင့်။
ကျောင်းမှန်မှန်တက် စာမခက်။
မပျက်မကွက် စာကိုကျက်။
အပျင်းမဖက် ဉာဏ်ထက်မြက်။

စက်မှုလယ်ယာ အားပေးပါ။
ထွန်စက်နှင့် ထွန်ယက်ပါ။
သီးနှံ အထွက်တိုးမည်။
ကြက် ဘဲ ငှက် ဝက် မွေးမြူပါ။
ဝင်ငွေ တိုးတက်လာမည်။





လင်းကြက်တွန်သံ ကြားရသည်။
နံနက်ချိန်ခါ နေထွက်လာပြီ။
ငှက်ကလေးများ ပျံဝဲနေကြ၏။
မြက်ခင်းပြင် စိမ်းစိုနေသည်။

အစာကို ညက်ညက်ဝါးစားပါ။
ကျန်းမာရေးအတွက် ကောင်းမည်။
သွက်သွက်လက်လက်လည်း ရှိမည်။
အသက်လည်း ရှည်မည်။





## ကွက်လပ်ဖြည့်ကြရအောင်။

| | | |
|---|---|---|
| ကြွက် | မနက် | ငှက် |
| ထန်းရွက် | ရက်ကန်းစင် | |

(က) မောင်မောင် ------ တိုင်း အပြေးလေ့ကျင့်တယ်။

(ခ) မီးဖိုထဲကို ------ ကလေးတစ်ကောင် ဝင်သွားတယ်။

(ဂ) မိုးကောင်းကင်မှာ ------ ကလေးတွေ ပျံဝဲနေကြတယ်။

(ဃ) ရွာထဲမှာ ------ တွေရှိတယ်။

(င) အဘိုးတို့အိမ်ကို ------ မိုးပေးပါ။

## (ဂ) အောက် (ောက်) အသတ်များ သင်ကြားကြစို့လား



အောက်
ောက်



| | | | |
|---|---|---|---|
| ကောက် | ကျောက် | ကြောက် | ညှောက် |
| ခေါက် | ချောက် | ခြောက် | နှောက် |
| ပေါက် | ပျောက် | ပြောက် | မှောက် |
| ဖောက် | ဖျောက် | ဖြောက် | ရှောက် |
| မောက် | မျောက် | မြောက် | လျှောက် |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။


ခေါက် ခြောက်

ဖောက် လျှောက်


# ၄။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၄)




ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။




ကျောက်သင်ပုန်း




တုတ်ကောက်




မျောက်




ငါးခြောက်




ရှောက်သီး



ထန်းခေါက်ဖာ



ပြတင်းပေါက်




ခမောက်

| | | | | |
|---|---|---|---|---|
| ကျောက်ခဲ | ပေါက်ပင် | မြှောက်ပင့် | လမ်းလျှောက် | ကောက်ပဲသီးနှံ |
| ပျောက်ဆုံး | ခလောက် | မွှေနှောက် | ပိတောက်ပန်း | ချောက်ကမ်းပါး |




စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



ပဲတီကို အပင်ဖောက်သည်။
အညှောက် ထွက်လာ၏။
ပဲပင်ပေါက် ရပြီ။
လိုသလောက် စားပါ။
ကျန်းမာရေးကို အထောက်အကူပြုသည်။

ခလောက်သံ ဒိုးဒိုးဒေါင်ဒေါင်ကြားရသည်။
လှည်းရောက်လာပြီလား။
ကောက်လှိုင်းစည်းများ တင်ကြသည်။
တလင်းထဲအရောက် တောက်လျှောက်
မောင်းပါ။
ကောက်သင်းကောက်သူများ ရောက်လာပြီ။





မိုးတဖြောက်ဖြောက်ရွာသည်။
ခမောက်ဆောင်း၍ လမ်းလျှောက်ပါ။
မျိုးစေ့များ အပင်ပေါက်လာပြီ။
မညှိုးမခြောက်ပါစေနှင့်။
မြေတောင်မြှောက်ပေးပါ။

ကင်းထောက်လူငယ်များ
ရောက်လေရာမှာ ကူညီ၏။
အများကိုလည်း ထောက်ထားသည်။
လူအများက ချီးမြှောက်ကြသည်။
ထွန်းပေါက်အောင် ကြိုးစားသည်။





## ကွက်လပ်ဖြည့်ကြရအောင်။

| | | |
|---|---|---|
| အညှောက် | သောက်ရေအိုး | ကောက်ညှင်းပေါင်း |
| ငါးရံ့ခြောက် | လမ်းလျှောက် | |

(က) မေမေ ------ နေလှန်းနေတယ်။

(ခ) မနက်စာ ------ ပူပူလေး ဝယ်စားကြမယ်။

(ဂ) ရေအိုးစင်က ------ ကို ရေဖြည့်ထားပါ။

(ဃ) မနက်စောစော ------ ထွက်ကြရအောင်။

(င) ပဲစေ့တွေ ------ ထွက်လာတယ်။

## (ဃ) ရုပ်ပုံကြည့်ကာ စာရေးပါ။











# အခန်း ၅ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၅)

## (က) အိုက် (ို က်) အသတ်များ သင်ကြားကြစို့လား



အိုက်
ို က်



| | | | |
|---|---|---|---|
| ကိုက် | ကျိုက် | ကြိုက် | နှိုက် |
| ငိုက် | ဂျိုက် | ခြိုက် | မှိုက် |
| စိုက် | ဗျိုက် | ပြိုက် | ရှိုက် |
| တိုက် | | မြိုက် | လှိုက် |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ကိုက် ကျိုက်

ကြိုက် နှိုက်


# ၅။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၅)



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။



စာကြည့်တိုက်



အမှိုက်ပုံး




တိုက်အိမ်




ကောက်စိုက်သမ




စိုက်ပျိုးခင်း




ပိုက်ကွန်



ငှက်သိုက်



ပိုက်ကျော်ခြင်း



သားပိုက်ကောင်

| | | | | |
|---|---|---|---|---|
| ပိုက်ဆံ | မီးမြိုက် | လေတိုက် | ကျိုက်ထီးရိုး | အားစိုက်ခွန်စိုက် |
| ဝမ်းဗိုက် | ကြုံကြိုက် | တိုက်ခိုက် | ဆိုက်ရောက် | လှိုက်လှိုက်လှဲလှဲ |



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



ပူအိုက်သောရာသီ
ငိုက်မနေပါနှင့်။
တောင်လေ တိုက်လာပြီ။
အမှိုက်များ လွင့်နေသည်။
လိုက်၍သိမ်းဆည်းပါ။


ကျောင်းစာကြည့်တိုက် ဖွင့်ပြီ။
ကြိုက်ရာစာစောင် ကြည့်ရှုနိုင်သည်။
စာကြည့်တိုက်မှာ စာဖတ်ပါ။
အချိန်ရှိခိုက် လှံ့လစိုက်ရမည်။
စည်းကမ်းကို လိုက်နာပါ။





သူတို့ ကောက်စိုက်သွားကြသည်။
ကလေးများပါ လိုက်သွားကြသည်။
သိုက်သိုက်ဝန်းဝန်းရှိသည်။
လယ်ထဲတွင် ပုစွန်လုံး နှိုက်ကြသေးသည်။

ဂုဏ်ပြုထိုက်သော လူငယ်များ
လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြမည်။
သိုက်သိုက်မြိုက်မြိုက် ရှိသည်။
အခိုက်အတန့် နားနေပါဦး။
ထိုက်ထိုက်တန်တန် ဂုဏ်ပြုသည်။





## ကွက်လပ်ဖြည့်ကြရအောင်။

| | | |
|---|---|---|
| ဆိုက် | ကောက်စိုက် | အသိုက် |
| ပြေးတမ်းလိုက်တမ်း | လေပြင်းတိုက်သံ | |

(က) ညက ------ ကြားရတယ်။

(ခ) ငှက်ကလေးတွေ ------ ဆောက်နေကြတယ်။

(ဂ) ကလေးတွေ ------ ကစားနေကြတယ်။

(ဃ) လယ်သူမတွေ ------ နေကြတယ်။

(င) ရထား ------ ပြီ။

# (ခ) အစ် (–စ်) အသတ်များ သင်ကြားကြစို့လား



**အစ်**
**–စ်**



| | | | |
|---|---|---|---|
| ကစ် | ကျစ် | ကြစ် | ညှစ် |
| ခစ် | ချစ် | ခြစ် | နှစ် |
| စစ် | ပျစ် | ပြစ် | ရှစ် |
| တစ် | ဖျစ် | ဖြစ် | လှစ် |
| သစ် | မျစ် | မြစ် | မျှစ် |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ကစ် ကျစ်

မြစ် ညှစ်


# ၅။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၅)



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။




ပစ်တိုင်းထောင်




မျှစ်



ယွန်းအစ်




သစ်သီး




ကျားသစ်



ရေစစ်



မီးခြစ်




ကျစ်ဆံမြီး

| | | | | | |
|---|---|---|---|---|---|
| ခုနစ် | ညစ်ပေ | လစ်လပ် | ထစ်ချုန်း | မြစ်ချောင်း | တံတောင်ဆစ် |
| ချစ်ခင် | ပြေပြစ် | ဖွင့်လှစ် | အော်ဟစ် | ညီအစ်ကို | စစ်သည်တော် |




စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



ပြည်တွင်းဖြစ်ကို အားပေးပါ။
ချစ်ချစ်ခင်ခင် နေကြပါ။
အပြစ်တွေ့လျှင် ပြုပြင်ပါ။
စနစ်တကျ ရှိပါစေ။
တာဝန် မလစ်ဟင်းပါစေနှင့်။

ဤကလေး တစ်တစ်ရစ်ရစ် ဝသည်။
အသားလည်း ကျစ်သည်။
တခစ်ခစ် ရယ်လိုက်သေးသည်။
ချစ်စရာ အလွန်ကောင်းသည်။
လက်နှစ်ဖက်ဖြင့် ပွေ့ချီပါ။





ဟင်းကျန်ထမင်းကျန် စည်းကမ်းမဲ့ မပစ်ရ။
အိမ်အနီး၌ မညစ်ပေစေနှင့်။
ညစ်ပေလျှင် ကြွက်ပေါ်မည်။
ကြွက်ပေါ်လျှင် ရောဂါဖြစ်မည်။
ရောဂါဖြစ်လျှင် ပူပင်ရသည်။

နှစ်သစ်ကူးပွဲတော် ကျင်းပသည်။
ဆိုင်များ ဖွင့်လှစ် ရောင်းချ၏။
ဈေးသည်များ အော်ဟစ်ရောင်းကြသည်။
ဈေးဆစ်၍ ဝယ်ခဲ့ပါ။
ပစ်တိုင်းထောင်နှင့် ယွန်းအစ်ဝယ်ခဲ့သည်။





## ကွက်လပ်ဖြည့်ကြရအောင်။

| | | |
|---|---|---|
| သစ်ခွဲ | မြစ် | မျှစ် |
| ကျစ်ဆံမြီး | ယွန်းအစ် | |

(က) မမက ----- နဲ့ လှတယ်။


(ခ) သစ်စက်ထဲမှာ ------ နေတယ်။

(ဂ) တောထဲမှာ ------ သွားချိုးကြမယ်။

(ဃ) ဘုရားပွဲဈေးက ------ ဝယ်လာတယ်။


(င) သံလွင် ------ က ရေစီးသန်တယ်။

# (ဂ) ကျေးလက်နဲ့ မြို့ပြ




ပုံနှစ်ပုံရဲ့ မတူညီတဲ့ အချက်တွေကို နှိုင်းယှဉ် ပြောကြရအောင်။

## မြို့ပြ



# (ဃ) ဘာကျွေးမှာလဲ








## မေးခွန်း

၁။ မျောက်ကလေးကို ---- ကျွေးပါမယ်။

၂။ စာကလေးကို ---- ကျွေးပါမယ်။

၃။ ဆင်ကလေးကို ---- ကျွေးပါမယ်။

၄။ ယုန်ကလေးကို ---- ကျွေးပါမယ်။

၅။ ကြောင်ကလေးကို ---- ကျွေးပါမယ်။

# အခန်း ၆ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၆)

## (က) အတ် (–တ်) အပ် (–ပ်)အသတ်များ သင်ကြားကြစို့လား



| | |
|---|---|
| **အတ်** | **အပ်** |
| **–တ်** | **–ပ်** |



| | | | |
|---|---|---|---|
| ကတ် | ကြွတ် | ကျပ် | ညှပ် |
| ခတ် | ဂျတ် | ချပ် | နှပ် |
| ဆတ် | ပြွတ် | ဂျပ် | မှတ် |
| ရပ် | ဖျတ် | ပျပ် | ရှပ် |
| ဝပ် | မြွတ် | ဖျပ် | လှပ် |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။


ကတ် ကြွတ်

ကျပ် ညှပ်


# ၆။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၆)



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။




သေနတ်




ယပ်တောင်




ရဟတ်ယာဉ်



အပ်



သနပ်ခါး



ကတ်ကြေး



ဖိနပ်



ဇာတ်ပွဲ



ဓာတ်ပုံ

| | | | | | |
|---|---|---|---|---|---|
| ပိုးဟပ် | ကျေနပ် | ချဉ်ဖတ် | ဆုံးဖြတ် | တိုက်ခတ် | အမှတ်တရ |
| ထူထပ် | နေကြတ် | ဝတ်ဆင် | အားလပ် | ကောင်းမြတ် | အတတ်ပညာ |



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



ကြက်ခြေနီတပ်ဖွဲ့ဝင်မောင်မှတ်
ဝတ်စုံ ဝတ်ထားသည်။
ပတ်တီးစည်းပေးနေသည်။
ဖြောင့်မတ်တည်ကြည်သည်။
မွန်မြတ်သော စေတနာရှိသည်။

လူငယ်များ ခြင်းခတ်နေကြသည်။
အဝတ်ဆင်တူ ဝတ်ထားသည်။
ဖနောင့်နှင့် ဆတ်၍ ခတ်သည်။
ဝိုင်းသုံးလေးပတ်လည်သည်။
ဖျတ်ဖျတ်လတ်လတ်ရှိကြသည်။





သစ်စက်နားမှာ ရပ်မကြည့်ရ။
သစ်တုံးများ ခွဲဖြတ်နေသည်။
မပြတ်မလပ် ဆောင်ရွက်သည်။
ပျဉ် ချပ်များ ထပ်ထားသည်။
သပ်သပ်ရပ်ရပ်ရှိသည်။

ရေတွင်းရေကန်ကို ဝင်းခတ်ပါ။
ကျွဲ နွားများ မကပ်စေရ။
ကန်ပေါင်ပေါ်တွင် အဝတ်မလျှော်ရ။
ရေမဝပ်အောင် မပြတ်သတိပြုပါ။
လူကြီးများက စောင့်ကြပ်ကြည့်ရှုနေသည်။





## ကွက်လပ်ဖြည့်ကြရအောင်။

| | | |
|---|---|---|
| တန်းစီရပ် | လတ်ဆတ် | ရဟတ် |
| နားကပ် | ဓာတ်ပုံ | |

(က) ပွဲဈေးမှာ ------ စီးကြမယ်။

(ခ) သစ်သီးတွေ ------ တယ်။

(ဂ) နံရံမှာ ------ ချိတ်ဆွဲထားတယ်။

(ဃ) မမဆီက ------ လက်ဆောင်ရတယ်။

(င) ခြံထဲမှာ ကားတွေ ------ ထားတယ်။

# (ခ) အွတ် (ွတ်) အွပ် (ွပ်) အသတ်များ သင်ကြားကြစို့လား



| | |
|---|---|
| အွတ် | အွပ် |
| ွတ် | ွပ် |



| | | | |
|---|---|---|---|
| ကွတ် | ကွပ် | ကျွတ် | ညွှတ် |
| ခွတ် | ခွပ် | ချွတ် | မွှတ် |
| စွတ် | စွပ် | ဂျွတ် | ရွှတ် |
| တွတ် | တွပ် | ပြွတ် | လွှတ် |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ကွတ်　　ကွပ်

ကျွတ်　　လွှတ်



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။




လွတ်လပ်ရေးအောင်ပွဲ



ကွပ်ပျစ်




သီတင်းကျွတ်ပွဲ




စွပ်ကျယ်




လက်စွပ်



မင်းကွတ်သီး



ရေပြွတ်




မုန့်ကြွပ်

| | | | | | |
|---|---|---|---|---|---|
| စိစွတ် | ဦးညွတ် | ညီညွတ် | ရွတ်ဖတ် | အနားကွပ် | တန်းလုံးကျွတ် |
| ခူးဆွတ် | သွပ်ပြား | ခွင့်လွှတ် | ပွတ်တိုက် | ကရွတ်ခွေ | ကတွတ်ပေါက် |




စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



သီတင်းကျွတ်ပြီ။
မိုးလေကင်းလွတ်တော့မည်။
မီးပုံးပျံ လွှတ်ကြရအောင်။
မီးစာကို ရေနံဆွတ်ထားပါ။
မှိုင်းဝမှ လွှတ်ပါ။

မိန်းကလေးများ ကြက်ခွပ်တမ်း
ကစားကြသည်။
လူငယ်များ စွန်လွှတ်နေကြသည်။
ဘေးလွတ်ရာမှာ ကစားပါ။
စွန်ပြတ်လျှင် တစ်ဖွတ်ထိုး မလိုက်ရ။





စာကို ပီပီသသ ရွတ်ဖတ်ပါ။
ကဗျာကို အလွတ်ကျက်မှတ်ပါ။
တတွတ်တွတ်ရွတ်ဆိုပါ။
ပထမဆု ဆွတ်ခူးနိုင်ရမည်။

လွတ်လပ်ရေးကို ထိန်းသိမ်းပါ။
ညီညွတ်ရေးအတွက် ကြိုးပမ်းပါ။
ရှပ်ရှပ်ချွံချွံ ဆောင်ရွက်ပါ။
တာဝန်မချွတ်ယွင်းပါစေနှင့်။
ပြည်သူ့ကျင့်ဝတ်ကို အထွတ်အမြတ်ထားပါ။





ဝါကျမှန်အောင် ယှဉ်တွဲပါ။

၁။ မေမေဈေးက (က) ပွတ်တိုက်နေတယ်။

၂။ မောင်မောင်တို့အိမ်ကို (ခ) ကတွတ်ယို ဝယ်လာတယ်။

၃။ ဦးကြီးတို့ (ဂ) သွပ်မိုးထားတယ်။

၄။ မိန်းကလေးတွေ (ဃ) ကွပ်ပျစ်မှာ ထိုင်နေတယ်။

၅။ ညီညီ မှန်တံခါးကို (င) လျှော်ဖွပ်နေတယ်။

၆။ အစ်မကြီး အဝတ်တွေ (စ) ကြက်ခွပ်တမ်း ကစားနေကြတယ်။

အဖြေမှန်လေးတွေ ရေးကြမယ်။

၁။

၂။

၃။

၄။


၅။

၆။

# (ဂ) စကားလုံးဆက် ကစားကြစို့လား




အမည်ကတ်ပြားနဲ့ ဆက်စပ်နိုင်တဲ့ စကားလုံးတွေ ရွေးချယ်ပြီး ဆက်ကြည့်ရအောင်






ပန်း



စက်ဘီး



ကား



မြင်း



ငှက်ပျောသီး

- လှူသည်
- စီးသည်
- ပေးသည်
- မောင်းသည်
- ဝယ်သည်
- စားသည်
- ရောင်းသည်
- ပြေးသည်

# အခန်း ၇ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၇)

## (က) အိတ် (ိတ်) အိပ် (ိပ်) အသတ်များ သင်ကြားကြစို့လား



| | |
|---|---|
| **အိတ်** | **အိပ်** |
| **ိတ်** | **ိပ်** |



| | | | |
|---|---|---|---|
| ကိတ် | ကိပ် | ကျိတ် | ကျိပ် |
| စိတ် | စိပ် | ချိတ် | ချိပ် |
| ဆိတ် | ဆိပ် | ကြိတ် | မှိတ် |
| တိတ် | တိပ် | မြိတ် | နှိပ် |
| ပိတ် | လိပ် | | |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။


ကိတ် ကိပ် မှိတ်

ကျိပ် ကြိတ်

# ၇။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၇)




ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။




လွယ်အိတ်




လိပ်ပြာ



ဆိတ်




ငါးမျှားချိတ်




ဆန်အိတ်



ကောက်ရိတ်



လိပ်




ပုရွက်ဆိတ်

| | | | | |
|---|---|---|---|---|
| ပိတ်စ | အိပ်ရာ | မိတ်ဆွေ | စိပ်ပုတီး | တံစက်မြိတ် |
| လိပ်စာ | ကြိတ်ဆုံ | တိတ်ဆိတ် | ဂိတ်ပေါက် | အထည်အလိပ် |





စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



လူကလေး အိပ်ချင်ပြီ။
တေးဆို၍ သိပ်ပါ။
မျက်စိ မှိတ်လာပြီ။
တိတ်တိတ်ဆိတ်ဆိတ် နေကြပါ။
အထိတ်တလန့် မဖြစ်ပါစေနှင့်။

ဆိတ်နှင့်ကြက် မွေးထားသည်။
ဆန်ကွဲတစ်အိတ် လိုချင်သည်။
အဖိတ်နေ့ လာယူပါမည်။
တစ်ဆိတ်ကူညီပါ။
စိတ်မရှိပါနှင့်။





ကိုဖိုးဆိတ် ကြိတ်ထိုးနေသည်။
အိမ်ရိပ်မှာ စပါးပုံရှိ၏။
ဆန်တစ်စိတ်လောက် ကြိတ်ပေးပါ။
ဖျင်အိတ်နှင့် ထည့်ယူမလား။
မဖိတ် မစဉ် ပါစေနှင့်။

ကောက်ရိတ်ပြိုင်ပွဲ ကျင်းပသည်။
အကြိတ်အနယ် ပြိုင်ကြသည်။
ကြိတ်ကြိတ်တိုး စည်ကားသည်။
ကောက်ညှင်းငချိပ် ကျွေးသည်။
ပိတ်စနှင့် လွယ်အိတ်များဆုချသည်။





## ကွက်လပ်ဖြည့်ကြရအောင်။

(၁) မြိတ် ရိပ် မိတ် အိတ်

ညောင်ပင် -------- မှာ ကိုဖိုးဆိတ်တို့ အိမ်ရှိသည်။

တံစက် -------- အောက်က ဝင်ပါ။

-------- ဆွေလာသလား။

ဆန် တစ် -------- သယ်လာသည်။

(၂) မိတ် ချိပ် ဖိတ် ရိပ် ရိတ်

ကောက် -------- သိမ်းချိန် -------- ဆွေများကို -------- ခေါ်ပါ။

သစ်ပင် -------- မှာ နားပါ။ င -------- ပေါင်း ကျွေးမည်။

(၃) သိပ် မှိတ် တိတ် အိပ်

ပုခက်ထဲမှာ ကလေး -------- ပျော်နေသလား။

မျက်စိ -------- လာပြီ။ ချော့ -------- ပေးပါ။

-------- ဆိတ်စွာ နေပါ။

# (ခ) အုတ် (ုတ်) အုပ် (ုပ်) အသတ်များ သင်ကြားကြစို့လား



| | |
|---|---|
| **အုတ်** | **အုပ်** |
| **ုတ်** | **ုပ်** |



| | | | |
|---|---|---|---|
| ကုတ် | ကျုတ် | တုပ် | နှုတ် |
| ခုတ် | ခြုတ် | ထုပ် | မှုတ် |
| ငုတ် | ဂျုတ် | ပုပ် | ရှုပ် |
| စုတ် | ပြုတ် | ရုပ် | လှုပ် |
| ဆုတ် | ဖြုတ် | လုပ် | မြှုပ် |




စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ကုတ် ကျုတ်

တုပ် နှုတ်



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။




ဦးထုပ်



ငရုတ်သီး




ဆွမ်းအုပ်



အပ်ချုပ်စက်



သစ်ကုလားအုတ်



ဝါးလက်ခုပ်



အိုးပုတ်




ကောက်ညှင်းထုပ်

| | | | | |
|---|---|---|---|---|
| ရေမှုတ် | တောအုပ် | ရုတ်တရက် | အတီးအမှုတ် | ခဏတစ်ဖြုတ် |
| ဖားပြုပ် | ဆောက်လုပ် | ထမင်းလုတ် | နွားတင်းကုပ် | ရုပ်မြင်သံကြား |





စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



မမေ့နားမှာ တကုပ်ကုပ်
ညီလေး ဘာတွေလုပ်။
အိုးပုတ် ချိုးရုပ် ဖိုးဝရုပ်
ပလုတ်တုတ်တုတ် တလှုပ်လှုပ်
ညီလေး ဒါတွေလုပ်။


တရုတ်စံကားပင်
နွားတင်းကုပ်နားမှာ ရှိသည်။
အဆုပ်အဆုပ် ပွင့်သည်။
အပွင့်ကို ပြုတ်ပါ။
လက်သုပ် သုပ်စားရအောင်။





မှန်တာလုပ် ဟုတ်တာပြော။
အချိန်မီချုပ် အစုတ်သက်သာ။
တစ်ချက်ခုတ် နှစ်ချက်ပြတ်။
တစ်လုတ်ကျွေးဖူး သူ့ကျေးဇူး။

ရွှေလက်ခုပ် အုပ်ကာတီး
ငှက်ပျောသီးမှည့်မှည့် စားရအောင်။
နှမ်းပျစ် ဖက်ထုပ် ပေါက်ပေါက်ဆုပ်
ရွှေနှုတ်အပြည့် ဝါးရအောင်။





## ကွက်လပ်ဖြည့်ကြရအောင်။

| | | |
|---|---|---|
| ဟုတ်မှန် | ပဲပြုတ် | အလုပ် |
| စုပ်ယူ | ဖုံးအုပ် | |

(က) စားစရာများကို ------ ထားရမည်။

(ခ) စကားပြောရာတွင် ------ သောစကားကိုပြောပါ။

(ဂ) ဦးဦး ------ များနေသည်။

(ဃ) ပျားများ ပန်းဝတ်ရည်ကို ------ ကြသည်။

(င) မနက်တိုင်း ------ ဆီဆမ်းစားသည်။


# (ဂ) ရုပ်ပုံကြည့်ပြီး စာစီမယ်။



ကျင်းပသည်


သီတင်းကျွတ်ပွဲ

သီတင်းကျွတ်ပွဲ ကျင်းပသည်။



ပွင့်နေသည်

နှင်းဆီပန်းများ



ကန်ထဲတွင်

ရေကူးနေသည်

ဘဲကလေးများ



စာဖတ်နေသည်

စာကြည့်တိုက်တွင်

ကျောင်းသားများ



ရထား

ဆိုက်လာသည်

ဘူတာရုံသို့



ကြက်ကလေးများကို

အစာကျွေးနေသည်

မမသည်



ပျံဝဲနေသည်

ငှက်ကလေးများ

ကောင်းကင်တွင်



ပျော်ရွှင်စွာ

ကစားကွင်းတွင်

ကလေးများ

ကစားနေသည်

# အခန်း ၈ ပုံပြောကြမယ် နားထောင်ကွယ် စာလုံးဆင့်လည်း သင်ကြမယ်

## (က) စာလုံးဆင့်(ပါဌ်ဆင့်)များ သင်ကြားကြစို့လား



| | | | | |
|---|---|---|---|---|
| -က် | + | က | (က္က) | တက္ကသိုလ် |
| -ဉ် | + | ဉ | (ည) | ပညာ |
| -တ် | + | တ | (တ္တ) | သတ္တဝါ |
| -န် | + | န | (န္န) | ပိန္နဲသီး |
| -ပ် | + | ပ | (ပ္ပ) | အဓိပ္ပာယ် |
| -ယ် | + | ယ | (ယျ) | ဥယျာဉ် |
| -သ် | + | သ | (ဿ) | ပိဿာ |

| | | | | |
|---|---|---|---|---|
| -င် | + | က | (င်္က) | လင်္ကာ |
| -စ် | + | ဆ | (စ္ဆ) | တိရစ္ဆာန် |
| -ဉ် | + | စ | (ဉ္စ) | ပဉ္စမ |
| -ဏ် | + | ဌ | (ဏ္ဌ) | ပုံသဏ္ဌာန် |
| -ဏ် | + | ဍ | (ဏ္ဍ) | ကဏ္ဍ |
| -မ် | + | ဘ | (မ္ဘ) | ကမ္ဘာ |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။


ပညာ တိရစ္ဆာန်

ဥယျာဉ် ပဉ္စမ

## ၈။ ပုံပြောကြမယ် နားထောင်ကြမယ် စာလုံးဆင့်လည်း သင်ကြမယ်



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။




စက္ကူလှေ



သစ္စာပန်း




ကမ္ဘာလုံး




ပတ္တလား



ရှပ်အင်္ကျီ



သင်္ဘော



သင်္ကြန်မဏ္ဍပ်




ပိန္နဲသီး

| | | | | |
|---|---|---|---|---|
| သဒ္ဒါ | မင်္ဂလာ | ကုက္ကိုပင် | တနင်္ဂနွေ | ကုန်ပစ္စည်း |
| သတ္တိ | ပိဿာ | အဓိပ္ပာယ် | လိမ္မော်သီး | ပုံသဏ္ဌာန် |





စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



ဆရာ့မေတ္တာ စေတနာ
တာဝန်ဝတ္တရား မပျက်ပါ။
တတ်လိမ္မာဖို့ တပည့်တို့
အနန္တဂိုဏ်းဝင် မှတ်ပါစို့။


မန္တလေးတက္ကသိုလ်မှ လေ့လာရေးအဖွဲ့
ပုပ္ပားတောင်ပေါ် တက်ခဲ့သည်။
စန္ဒကူးပင်များ လေ့လာခဲ့သည်။
ပုဂံတွင် အာနန္ဒာဘုရားဖူးခဲ့သည်။
ဗုဒ္ဓဟူးနေ့က ပြန်ရောက်ခဲ့ကြသည်။





ကန္ဒရဝတီ ငွေတောင်ပြည်
ဒွေးမယ်နော်တို့ ကိန္နရီ။
ပုံဝတ္ထုကောင်း ဇာတ်လမ်းရှည်
ကြားဖူးခဲ့သော ဒဏ္ဍာရီ။

နံရံမှာ ပြက္ခဒိန်တစ်ခု
မြန်မာသက္ကရာဇ် ဘယ်နှခုနှစ်လဲ။
ဓမ္မစကြာနေ့က ဘယ်လမှာလဲ။
သတ္တမမြောက်လက ဘာလလဲ။
ခရစ္စမတ်နေ့ကို တွေ့သလား။
အမေးပုစ္ဆာများ ဖြေကြည့်ပါ။





## ကွက်လပ်ဖြည့်ကြရအောင်။

| | | |
|---|---|---|
| ကုက္ကိုပင် | လိမ္မော်သီး | သိပ္ပံ |
| တနင်္ဂနွေ | ပုစ္ဆာ | |

(က) ကျွန်တော်တို့ ရွာအဝင်တွင် ------ များ ရှိပါသည်။

(ခ) မမသည် အသီးများထဲတွင် ------ ကို အကြိုက်ဆုံးဖြစ်သည်။

(ဂ) ကျွန်တော်တို့ မိသားစုသည် ------ နေ့က ရုပ်ရှင်ရုံသို့သွားခဲ့သည်။

(ဃ) ကျွန်တော်က ------ ဘာသာရပ်ကို စိတ်ဝင်စားသည်။

(င) ကလေးများသည် သင်္ချာ ------ များ တွက်နေကြသည်။


## (ခ) ကြာအေး (ကဗျာ)




### ကြာအေး

ကြာအေးကို သူ့အမေရိုက်လို့
မှောင်မိုက်မှာငို။
ကိုလူပျို ထရံပေါက်က
ခြေထောက်ကိုဆွဲ တွဲလဲ။
တွဲလဲ နေပါဦး
မိုးတောင်ကချွန်း မုန့်လုံး။
မုန့်လုံး စက္ကူကပ်ပါလို့
ကြာကလပ်နှင့် ဆွမ်းတော်တင်။
ပလ္လင်ပေါ်က မျောက်ကလေး
ဆင်းတယ်လို့ပြေး ကြာအေး။

**အမည်မသိ ရှေးစာဆို**



ဦး ကို အုံး ဟုအသံထွက်ပါ။
ကြာအေးကို ဂျာအေးဟုအသံထွက်ပါ။



## (ဂ) ပညာရှိ ဇီးကွက် (ပုံပြင်)



### ပညာရှိဇီးကွက်


တစ်ခါတုန်းက ဦးဇီးကွက်ဆိုတဲ့ ပညာရှိကြီးတစ်ဦး ရှိသတဲ့။ ဦးဇီးကွက်တို့ နေထိုင်ရာ တောအုပ်ထဲမှာ မသမင်၊ ကိုတောက်တဲ့၊ ရှဥ့်ကလေးစပ်စု၊ ကိုရွှေကျီး၊ မဥဩ မိသားစုတို့ အတူနေထိုင်ကြသတဲ့။

သူတို့တွေအားလုံးဟာ အရေးကိစ္စ ကြုံလာရင် ဦးဇီးကွက်ဆီသွားပြီး တိုင်ပင်ကြတယ်။ ဦးဇီးကွက်ကြီးက မျှမျှတတဆက်ဆံပြီး အကြံကောင်း ဉာဏ်ကောင်းတွေလဲ ပေးတတ်တဲ့အတွက် ဘာအန္တရာယ်မှမကျရောက်ဖူးဘူးတဲ့။



ဦးဇီးကွက်ကြီးက သူနဲ့အတူနေတဲ့ တိရစ္ဆာန်ကလေးတွေကို
"အေး . . ကမ္ဘာလောကကြီးထဲမှာ ငြိမ်းငြိမ်းချမ်းချမ်းနေထိုင်ချင်ရင် အချင်းချင်း မေတ္တာထားကြ ရိုင်းပင်းကူညီကြ သစ္စာရှိကြ စည်းလုံးကြကွဲ့ ဒါမှ ဒုက္ခတွေက ကင်းဝေးမှာ ဇီးကွက် . . . ဇီးကွက်"လို့ အမြဲဆိုဆုံးမသတဲ့။ အားလုံးကလဲ ညီညီညွတ်ညွတ်နဲ့ လိုက်နာဆောင်ရွက်ကြသတဲ့ . . .

မဥသြကလဲ "ဥသြ . . . ဥသြ"လို့ အော်မြည်တယ်။



ကိုတောက်တဲ့က "တောက်တဲ့ . . . တောက်တဲ့"နဲ့ ထောက်ခံသလို



ရှဥ့်ကလေး စပ်စုကလဲ
“ကျွိ . . . ကျွိ . . . ကျွိ”





ကိုရွှေကျီးကလဲ
“အား . . . အား . . . အား . . . ”နဲ့



သမင်မလေးကလဲ သူရဲ့ လှပတဲ့ မျက်လုံးကလေးနဲ့
ကြည့်ပြီး ဦးခေါင်းလေးကို ညိတ်ပြသတဲ့ကွယ် . . .

## လေ့ကျင့်ခန်း

၁။ အချင်းချင်း ဘယ်လိုနေထိုင်ကြမလဲ။

၂။ ဦးဇီးကွက်ကြီးက ဘယ်လို ဆုံးမသလဲ။

၃။ ပုံပြင်ထဲမှာ ပါတဲ့ အသတ်၊ ပါဌ်ဆင့်စကားလုံး လေးတွေကို ဝိုင်းကြရအောင်။

ကဲ ကလေးတို့ဆိုရင် ရော ဘယ်လို ဖြေမလဲ



# အခန်း ၉ ကိုယ့်အကြောင်းကလေးတွေ ပြောကာရယ် စာပိုဒ်ကလေးတွေ ရေးကြမယ်

## (က) ကိုယ့်အကြောင်းကလေးတွေ ရေးကြည့်ကြရအောင်



ကျွန်တော်ရဲ့ နာမည်က မောင်လှ ဖြစ်ပါတယ်။ အဖေက ဦးဘဖြစ်ပါတယ်။ အမေက ဒေါ်အေး ဖြစ်ပါတယ်။ ကျွန်တော်တို့က ထန်းသုံးပင်ရွာမှာ နေကြပါတယ်။ ကျွန်တော့်မိဘတွေက လယ်လုပ်ကြပါတယ်။ ကျွန်တော့်မှာ အစ်ကိုတစ်ယောက် အစ်မတစ်ယောက် ရှိပါတယ်။ ကျွန်တော်တို့ ရွာကမူလတန်းကျောင်းမှာ ကျောင်းတက်နေပါတယ်။ အခု ကျွန်တော် ဒုတိယတန်း ကျောင်းသားပါ။



မောင်လှအကြောင်းကို ပြောပြီးပြီဆိုတော့ သားတို့သမီးတို့လဲ ကိုယ့်အကြောင်းကလေးတွေကို သူငယ်ချင်းတွေနဲ့ ပြောကြည့်ကြရအောင်





သားတို့သမီးတို့လဲ ကိုယ့်အကြောင်းကို
ဝါကျကလေးတွေ ရေးကြရအောင်

## ကျွန်တော်၏ အကြောင်း


၁။ ကျွန်တော်၏ အမည်သည် မောင်လှ ဖြစ်ပါသည်။
၂။ ကျွန်တော်၏ ဖခင်သည် ဦးဘ ဖြစ်ပါသည်။
၃။ ကျွန်တော်၏ မိခင်သည် ဒေါ်အေး ဖြစ်ပါသည်။
၄။ ကျွန်တော်တို့သည် ထန်းသုံးပင်ရွာတွင် နေကြပါသည်။
၅။ ကျွန်တော်၏ မိဘများသည် လယ်လုပ်ကြပါသည်။
၆။ ကျွန်တော့်မှာ အစ်ကိုတစ်ယောက် အစ်မတစ်ယောက် ရှိပါသည်။
၇။ ကျွန်တော်တို့သည် ရွာရှိမူလတန်းကျောင်း၌ ပညာသင်ယူနေကြပါသည်။
၈။ ကျွန်တော် ယခု ဒုတိယတန်း ကျောင်းသားဖြစ်ပါသည်။

၁။

၂။

၃။

၄။



အပြောနဲ့ အရေး မတူတာကို သတိထားမိကြရဲ့လား
ဝါကျတစ်ခုစီရဲ့ အဆုံးမှာ ပုဒ်မကလေးတွေ ချရမယ်နော်

## ကျွန်တော်၏ အကြောင်း

ကျွန်တော်၏ အမည်သည် မောင်လှ ဖြစ်ပါသည်။
ကျွန်တော်၏ ဖခင်သည် ဦးဘ ဖြစ်ပါသည်။
ကျွန်တော်၏ မိခင်သည် ဒေါ်အေး ဖြစ်ပါသည်။
ကျွန်တော်တို့သည် ထန်းသုံးပင်ရွာတွင် နေကြပါသည်။
ကျွန်တော်၏ မိဘများသည် လယ်လုပ်ကြပါသည်။
ကျွန်တော့်မှာ အစ်ကိုတစ်ယောက် အစ်မတစ်ယောက် ရှိပါသည်။
ကျွန်တော်တို့သည် ရွာရှိ မူလတန်းကျောင်း၌ ပညာသင်ယူနေကြပါသည်။
ကျွန်တော် ယခု ဒုတိယတန်း ကျောင်းသားဖြစ်ပါသည်။



သားတို့ သမီးတို့လဲ ကိုယ့်အကြောင်းကလေးတွေကို
စာပိုဒ်ရေးကြည့်ကြရအောင်. . . .

## ကျွန်တော်၏ အကြောင်း

ကျွန်တော်၏ အမည်သည် မောင်လှဖြစ်ပါသည်။ ကျွန်တော်၏ ဖခင်သည် ဦးဘဖြစ်ပါသည်။ ကျွန်တော်၏ မိခင်သည် ဒေါ်အေး ဖြစ်ပါသည်။ ကျွန်တော်တို့သည် ထန်းသုံးပင်ရွာတွင် နေကြပါသည်။ ကျွန်တော်၏ မိဘများသည် လယ်လုပ်ကြပါသည်။ ကျွန်တော့်မှာ အစ်ကိုတစ်ယောက် အစ်မတစ်ယောက်ရှိပါသည်။ ကျွန်တော်တို့သည် ရွာရှိ မူလတန်းကျောင်း၌ ပညာသင်ယူနေကြပါသည်။ ကျွန်တော် ယခု ဒုတိယတန်း ကျောင်းသား ဖြစ်ပါသည်။



စာပိုဒ်ကလေးတွေ
သေသေချာချာ
ရေးနိုင်ကြရဲ့
လား

## လေ့ကျင့်ခန်း

၁။ ပြည့်ပြည့်စုံစုံကော ရေးနိုင်ရဲ့လား။
၂။ ဘာများထပ်ဖြည့် ရေးချင်သေးသလဲ။
၃။ ဝါကျရဲ့ ဘယ်နေရာမှာ ပုဒ်မကလေးတွေထည့်ရမှာလဲ။

## (ခ) စိတ်ခံစားချက်စကားလုံးတွေကို ရေးကြည့်ကြရအောင်













ချစ်တယ်　ပျော်တယ်　ရဲရင့်တယ်　စိတ်ဆိုးတယ်　ဝမ်းနည်းတယ်

မုန်းတယ်　အံ့သြတယ်　သနားတယ်　ကြောက်တယ်

## (ဂ) တို့တာဝန်




လယ်သမားကြီး ဦးသာအောင်
စပါးစိုက်ကာ ပြည်ကျိုးဆောင်။
ကိုဖိုးမောင် အလုပ်သမား
ကုန်ထုတ်တိုးဖို့ သူကြိုးစား။




ဦးဖိုးကျားက ကျောင်းဆရာ
စာပေတတ်ဖို့ သင်ပေးတာ။
မောင်ထွန်းသာ တပ်မတော်သား
နိုင်ငံ့ရန်ကို ကာကွယ်ထား။

စာပို့လုပ်သား မောင်သိန်းတန်
စာပို့ရာတွင် အချိန်မှန်။
ကိုသာဇံ မီးသတ်သမား
မီးသတ်ရာတွင် သူစွန့်စား။









ရဲသားကြီးက ကိုလှရွှေ
လူဆိုးဖမ်းဖို့ တာဝန်ကျေ။
တို့လုံမေ မခင်မြ
ယာဉ်ထိန်းရာတွင် ကျွမ်းကျင်လှ။






ဦးစိန်ဘက ဆရာဝန်
ကုသရေးမှာ သူထူးချွန်။
မလှမွန် သူနာပြု
စေတနာနှင့် သူပြုစု။






ဦးသာနုက ခေါင်းဆောင်ကာ
ကျေးရွာကောင်းကျိုး သယ်ပိုးမှာ။
ကားဆရာ ကိုဘသောင်း
ဘေးရန်ကြည့်၍ သတိနှင့်မောင်း။





ကျောင်းသူကျောင်းသား တို့အဖော်
အရွယ်ရောက်လို့ ကြီးပြင်းသော်။
ပညာတော် မြတ်စိတ်ထား
တာဝန်ကိုယ်စီ ထမ်းစို့လား။

**တက္ကသိုလ်မောင်မောင်ကြီး**

# အခန်း ၁၀ ဖတ်စာကလေးတွေ ဖတ်ကာရယ် ပျော်ပျော်ရွှင်ရွှင်စာသင်မယ်

## (က) အဘိုးအိုနှင့် သားသုံးယောက် (ပုံပြင်)



ဟိုရှေးရှေးတုန်းက အဘိုးအိုတစ်ယောက်မှာ သားသုံးယောက်ရှိသတဲ့။ အဲဒီ သားသုံးယောက်က အချင်းချင်း မတည့်ကြဘူးတဲ့။ အဘိုးအိုဟာ သားသုံးယောက်ကို ထင်းတစ်စည်းပေးပြီး တစ်ယောက်ပြီး တစ်ယောက် အစည်းလိုက်ချိုးခိုင်းသတဲ့။ သားတွေဟာ ကြိုးစားပြီး ချိုးကြပေမဲ့ ထင်းစည်းက မကျိုးနိုင်ဘူးတဲ့ကွယ်။



ဒီအခါမှာ အဘိုးအိုက ထင်းစည်းကို ဖြေခိုင်းလိုက်ပြီး တစ်ယောက်တစ်ချောင်းစီ ချိုးခိုင်းပြန်သတဲ့။ ဒီတစ်ခါတော့ သားတွေဟာ ထင်းချောင်းတွေကို လွယ်လွယ်နဲ့ ချိုးနိုင်ကြတာပေါ့။



ဒီတော့ အဘိုးအိုက "သားတို့ ထင်းစည်းကို အစည်းလိုက် ချိုးရင် မကျိုးနိုင်ဘူး တစ်ချောင်းစီချိုးတော့ ကျိုးနိုင်တယ် ဒါကြောင့် သားတို့လဲ ထင်းစည်းလို စည်းစည်းလုံးလုံး နေကြကွယ်"လို့ ဆုံးမသတဲ့။ သားတွေက "ဟုတ်ကဲ့ပါ အဖေ"လို့ ပြောကြသတဲ့ကွယ်။



ဖတ်ကြည့်ကြရအောင်

## အဘိုးအိုနှင့် သားသုံးယောက်

ရှေးသရောအခါ အဘိုးအိုတစ်ဦးတွင် သားသုံးယောက်ရှိလေသည်။ သားသုံးယောက်သည် တစ်ဦးနှင့်တစ်ဦး မသင့်မမြတ် ဖြစ်နေကြသည်။ အဘိုးအိုသည် ထင်းတစ်စည်းကို သားသုံးယောက်အားပေး၍ တစ်ယောက်ပြီး တစ်ယောက်ချိုးစေ၏။ သားတို့သည် အားထုတ်၍ ချိုးကြသော်လည်း ထင်းစည်းက မကျိုးနိုင်ပါ။

ထိုအခါ အဘိုးအိုက ထင်းစည်းကိုဖြေစေ၍ တစ်ယောက် တစ်ချောင်းချင်းစီ ချိုးစေပြန်၏။ သားတို့သည် ထင်းချောင်းများကို အလွယ်တကူ ချိုးနိုင်ကြလေသည်။

အဘိုးအိုက "ချစ်သားတို့၊ ထင်းစည်းကို အစည်းလိုက်ချိုးသော် မကျိုးနိုင်၊ တစ်ချောင်းစီချိုးသော် ကျိုးနိုင်၏။ ထို့ကြောင့် ချစ်သားတို့သည် ထင်းစည်းကဲ့သို့ စည်းစည်းလုံးလုံးနေကြလော့"ဟု ဆုံးမလေသည်။ သားတို့က "ကောင်းပါပြီ ဖခင်" ဟု ဝန်ခံကြလေသတည်း။

စာလုံးပေါင်းလေ့ကျင့်မယ်။

ဆုံးမ　　ထင်းစည်း　　မကျိုးနိုင်　　အားထုတ်　　အလွယ်တကူ
အစည်းလိုက်　　စည်းစည်းလုံးလုံး

အပြောစကားနဲ့ အရေးစကား မတူတာကို သတိထားမိကြရဲ့လား



## လေ့ကျင့်ခန်း

၁။ အဘိုးအိုသည် သားသုံးယောက်ကို မည်သည့်အရာကိုပေး၍ မည်သို့ ပြုလုပ်ခိုင်းသနည်း။

၂။ သားတို့သည် ထင်းစည်းကို အဘယ်ကြောင့် မချိုးနိုင်ပါသနည်း။

၃။ သားတို့သည် ထင်းချောင်းကို အဘယ်ကြောင့် ချိုးနိုင်ပါသနည်း။

၄။ အဘိုးအိုသည် သားသုံးယောက်ကို မည်ကဲ့သို့ နေရန် ပြောသနည်း။

## (ခ) ဖိုးလနတ်သား (ကဗျာ)



**ဖိုးလနတ်သား**

ရွှေလမှာ ယုန်ဝပ်လို့
ဆန်ဖွပ်သည့် အဘိုးအို
ဟော ကြည့်ပါဆို။
ဆိုသာဆို ပိုမိုသည့် စကား။
ကလေး အငိုတိတ်အောင်
အရိပ်အယောင်ပြတယ်
ဖိုးလနတ်သား။

**အမည်မသိ ရှေးစာဆို**



## (ဂ) ပျော်ရွှင်စရာတို့ကျောင်းမှာ



မင်္ဂလာပါ. . .

တို့နာမည်က အေးအေးပါ။

တို့ကျောင်းက ရွာအဝင်မှာရှိတယ်။

စာသင်ခန်းတွေက ကျယ်ဝန်းပြီး လေကောင်းလေသန့်ရတယ်။

ပြတင်းပေါက်တွေရှိလို့ အလင်းရောင် ကောင်းကောင်းရတယ်။

ကျောင်းရှေ့မှာ အလံတိုင်ရှိတယ်။

နိုင်ငံတော်အလံကို အလံတိုင်ထိပ်မှာ လွှင့်ထူထားတယ်။ ကျောင်းမတက်ခင် မနက်တိုင်း အလံတော်ကို အလေးပြုကြတယ်။

တို့ကျောင်းက အမြဲသန့်ရှင်းနေတယ်။

သောက်ရေအိုးတွေကို နေ့တိုင်းဆေးကြောပြီး သောက်ရေအိုးဖုံးနဲ့ ရေခွက်တွေကိုလဲ သန့်ရှင်းအောင် ဆေးတယ်။

အမှိုက်တွေကို အမှိုက်ပုံးထဲမှာ ထည့်ကြတယ်။


ကျောင်းသန့်ရှင်းရေးကို နေ့တိုင်း လုပ်ကြတယ်။



တို့ကျောင်းမှာ
စာကြည့်တိုက်ရှိတယ်။
ကျောင်းဝင်းထဲမှာ ကစားကွင်းနဲ့
စိုက်ခင်းတွေလဲ ရှိတယ်။
နေ့လယ် အားလပ်ချိန်မှာ
ကျောင်းသားတချို့က
ကစားကွင်းမှာ ကစားကြတယ်။
တချို့ကတော့ စာကြည့်တိုက်မှာ
စာဖတ်ကြတယ်။



၁။ အေးအေးတို့ စာသင်ခန်းက ဘယ်လို စာသင်ခန်းမျိုးလဲ။
၂။ ကျောင်းသန့်ရှင်းရေးအတွက် ဘာတွေလုပ်သင့်သလဲ။
၃။ ကိုယ်နေတဲ့ ကျောင်းအကြောင်းကို ရှင်းပြရအောင်။
၄။ ကလေးတို့ကျောင်းကို ပိုကောင်းအောင် ဘာတွေလုပ်ချင်ကြသေးသလဲ။ သူငယ်ချင်းနဲ့ ပြောကြည့်ကြရအောင်။







စကားလုံးကလေးတွေရဲ့အဓိပ္ပာယ်ကို နားလည်သလို ပြောကြည့်ကြရအောင်

| | | | |
|---|---|---|---|
| နေ့လယ် | ဆေးကြော | အားလပ်ချိန် | စာကြည့်တိုက် |
| စိုက်ခင်း | ကစားကွင်း | အလင်းရောင် | လေကောင်းလေသန့် |


# (ဃ) ဘာယာဉ်တွေစီးဖူးသလဲ




၁။




၂။




၃။




၄။





၅။



၆။







## စီးဖူးတဲ့ယာဉ် ကို ပြောပြီး မေးခွန်းလေးတွေ ဖြေကြည့်ကြရအောင်

၁။ ဘာယာဉ် တွေ စီးဖူးသလဲ။

၂။ ဘယ်သူနဲ့အတူ စီးခဲ့သလဲ။

၃။ ဘယ်လိုခံစားရသလဲ။

## (င) ဘကြီးဖြိုးတို့အိမ်



ကျွန်တော်တို့ရွာတွင် ဘကြီးဖြိုးတို့အိမ် ပျက်စီးနေပါသည်။ ရွာသားများက ဝိုင်းဝန်း ပြင်ဆင်ပေးကြ၏။ ရွာသားအချို့က သစ်ဝါးများကို ခုတ်ပေးကြ၍ အချို့က လုပ်အားဖြင့် သယ်ပေးကြပါသည်။



အသက်ရှစ်ဆယ်ကျော် ဖိုးလေးထွန်းကပင် သက်ငယ်မိုးရန် နှီးဖြာပေးသည်။ ကျွန်တော်တို့ကလေးများက သက်ငယ်ပျစ်များကို ဝိုင်းဝန်း သယ်ယူပေးပါသည်။ ဘကြီးဖြိုး၏ဇနီး အဘွားငြိမ်းက ကောက်ညှင်းပေါင်းဖြင့် ဧည့်ခံပါသည်။ ကျွန်တော်တို့ အလွန်ပျော်ကြပါသည်။

စာလုံးပေါင်းလေ့ကျင့်မယ်။

ပျက်စီး    ဝိုင်းဝန်း    နှီးဖြာ    သက်ငယ်ပျစ်    ကောက်ညှင်းပေါင်း

## အောက်ပါမေးခွန်းများကိုဖြေပါ။

၁။ ဘကြီးဖြိုးတို့အိမ် ပြင်သောအခါ မည်သူတို့က ကူညီကြသနည်း။

၂။ ကလေးများက မည်သို့ကူညီကြသနည်း။

၃။ အဘွားငြိမ်းက အဘယ်ကြောင့် ကောက်ညှင်းပေါင်းကျွေးသည်ဟု ထင်သနည်း။

၄။ ကလေးတို့လည်း အခြားသူများကို အကူအညီပေးဖူးသလား။
အဘယ်ကြောင့် အကူအညီပေးခဲ့သနည်း။

# အခန်း ၁၁ ပုံပြင်ကလေးတွေပြောကာရယ် ဗဟုသုတရှာကြမယ်



## (က) စာဘူးတောင်းသိုက်ကလေးများ

စာဘူးတောင်းငှက်သည် အဝါရောင်ရှိသော ငှက်ငယ်ကလေးဖြစ်သည်။ စာကလေးမျိုးနွယ်ဖြစ်၍ စာဘုန်းကြီးဟုလည်းခေါ်သည်။ သူတို့၏ အသိုက်ပြုလုပ်ပုံမှာ စိတ်ဝင်စားစရာကောင်းသည်။ မည်သည့်အသိုက်မျိုးနည်း။

ပထမအချက်မှာ ကောက်ရိုးခြောက်၊ မြက်ခြောက်များကို အသုံးပြု၍ အသိုက်ကို ရက်လုပ်ထားခြင်းဖြစ်သည်။ အသိုက်များကို သေသေချာချာ ခိုင်ခံ့စွာရက်လုပ်ထားသောကြောင့် အလွယ်တကူ မပျက်စီးနိုင်ပါ။

ဒုတိယအချက်မှာ အသိုက်အတွင်း ပိုးစုန်းကြူးကလေးများကို ထည့်ထားခြင်းဖြစ်သည်။ ပိုးစုန်းကြူးကလေးများကို အသိုက်အတွင်း ရွှံ့နှင့် ကပ်ထားခြင်းဖြင့် အလင်းရောင်ရအောင် ပြုလုပ်ထားပါသည်။

တတိယအချက်မှာ ပုံစံအနည်းငယ် မတူညီသော အသိုက်နှစ်မျိုးကို တွေ့ရခြင်းဖြစ်သည်။ အပင်မြင့်ရှိ အကိုင်းပေါ်မှ တွဲလောင်းကျနေသော အသိုက်သည် အဝကျယ်ပြီး အသိုက်အောက်နားတွင် တန်းကလေးရှိသည်။ မီးအုပ်ဆောင်းပုံသဏ္ဌာန်ရှိပြီး ငှက်ဖိုနေသည်။ ငှက်မနှင့်တွေ့ပြီး နောက်ပိုင်းတွင် အသိုက်မှာ ပိုက်လုံးပုံသဏ္ဌာန်ဖြစ်သွားပြီး အောက်ဘက်တွင် ဝင်ပေါက်ထားရှိသည်။ ရှည်လျားသော အသိုက်အတွင်း အခန်းပိုတစ်ခန်းပါရှိပြီး ထိုအခန်းသည် ငှက်မနေထိုင်ရန်နှင့် ဥ ဥရန် နေရာဖြစ်သည်။ ထို့ကြောင့် အသိုက်အတွင်းမှ ဥများထွက်ကျမည်ကို မစိုးရိမ်ရပါ။

စာဘူးတောင်းငှက်ကလေးများ၏ အသိုက်ပြုလုပ်ပုံသည် အခြားငှက်ကလေးများ အသိုက်ပြုလုပ်ပုံနှင့် မတူကြပါ။ စာဘူးတောင်းငှက်ကလေးများ၏ အသိုက်ပြုလုပ်ပုံမှာ ထူးခြားကောင်းမွန်လှသဖြင့် သူတို့ကို စိတ်ကူးကောင်းသော လက်သမားငှက်ကလေးများဟု ဆိုနိုင်ပါသည်။

## လေ့ကျင့်ခန်း

၁။ ရုပ်ပုံကိုကြည့်ပါ။ ငှက်မ ရှိတဲ့အသိုက်က ဘယ်အသိုက်ဖြစ်မလဲ။ ဘာကြောင့်လဲ။





၂။ စာဘူးတောင်းအသိုက်ရဲ့ စိတ်ဝင်စားစရာကောင်းတဲ့ အချက်ကို ပြောပြပါ။

၃။ စာဘူးတောင်းအသိုက်က ဘာကြောင့် လွယ်လွယ်ကူကူ မပျက်စီးတာလဲ။

၄။ ဘာကြောင့် ပိုးစုန်းကြူးကလေးတွေကို အသိုက်အတွင်းကပ်ထားတာလဲ။

၅။ ဘာကြောင့်လက်သမားငှက်ကလေးများလို့ ခေါ်နိုင်သလဲ။

စာဘူးတောင်း ငှက်ကလေးတွေ အကြောင်း ပြောကြရအောင်



## (ခ) ရွှေဥဒေါင်း (ကဗျာ)




### ရွှေဥဒေါင်း

စိမ်းစိမ်းညိုညို ဟိုဘက်တောက
ရွှေဥဒေါင်းလေး တွန်သံသာ။
နွေဦးပေါက်ရင် တွန်သံကြားရ
မြင်ဖူးကြလား မောင်တို့ရာ။
ကျီးသိုက်ထဲမှာ သူ့မေထားလို့
ငှက်ဝင်စားလေး သူ့ခမျာ။
သနားစရာ အမေပျောက်လို့
သူတစ်ယောက်တည်း ဖော်မပါ။
သာသာယာယာ သူတွန်ညည်းတော့
တို့ကျောင်းကြီးလည်း ပိတ်တော့မှာ။
ပိတ်မှာ ပိတ်မှာ။

**မင်းသုဝဏ်**


## (ဂ) ပန်းချစ်သူ (ပုံပြင်)



ဒုတိယတန်းကျောင်းသားလေး မောင်ဖိုးချစ်ဟာ ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ၊ မေမေတို့နဲ့ အတူ ပျော်ပျော်ရွှင်ရွှင် နေပါသတဲ့။

မောင်ဖိုးချစ်ဟာ ကျောင်းစာသာမက ကာတွန်းစာစောင်တွေကိုပါ ဖတ်လေ့ရှိတယ်။ ဘောလုံးကစားတာကိုလဲ ဝါသနာပါသတဲ့။ ထူးခြားတာလေး တစ်ခုက မောင်ဖိုးချစ်ဟာ အပင်မှာပွင့်နေတဲ့ ပန်းကလေးတွေကိုကြည့်ပြီး သဘောကျတတ်သတဲ့။

ကျောင်းကပြန်လာတိုင်း ခြံထဲဆင်းပြီး သူ့အမေစိုက်ထားတဲ့ ပန်းခင်းကလေးတွေကို လျှောက်ကြည့်နေတတ်သတဲ့။



အဲဒီလို လျှောက်ကြည့်တဲ့ အခါတိုင်းမှာလဲ တုတ်တစ်ချောင်းကို ကိုင်ထားပြီး ပန်းပွင့်ကလေးတွေအပေါ် လာနားတဲ့ လိပ်ပြာကလေးတွေ၊ ပိတုန်းကလေးတွေ၊ ပျားကလေးတွေကို ခြောက်လှန့်ရိုက်ထုတ်တတ်သတဲ့။

ဒါကို အိမ်ပြတင်းပေါက်ကကြည့်နေတဲ့ သူ့ဘိုးဘိုးက

"ဖိုးချစ်ရေ လာပါဦးကွာ လိပ်ပြာကလေးတွေကို တုတ်တစ်ချောင်းနဲ့ ဘာဖြစ်လို့ ရိုက်နေရတာလဲ"

"ဒီအကောင်ကလေးတွေက သားရဲ့ပန်းကလေးတွေကို လာဖျက်ဆီးနေကြလို့ပါ ဘိုးဘိုး "

"သူတို့က မြေးလေးရဲ့ ပန်းတွေကို ဖျက်ဆီးတာ မဟုတ်ဘူးကွ အဲဒီ ပန်းကလေးတွေရဲ့ ပန်းဝတ်ရည်က သူတို့ရဲ့အစာပါ"

မောင်ဖိုးချစ်က နည်းနည်းစဉ်းစားလိုက်ပြီး

"သူတို့ဝတ်ရည် သောက်လိုက်တော့ ပန်းပွင့်ကလေးတွေ ပျက်စီးကုန်တယ်လေ ဘိုးဘိုးရဲ့"



"ဒါက သဘာဝပါကွယ် လိပ်ပြာကလေးတွေ မသောက်လဲ ပန်းကလေး တွေဟာ ကြာလာတော့ ညှိုးနွမ်းပြီး ကြွေရတာပဲ"

"ဒါတော့သိပါတယ် ဘိုးဘိုးရယ် ဒါပေမဲ့ သားက ပန်းကလေးတွေကိုချစ်တော့ သူတို့ပျက်စီးသွားမှာကို မမြင်ချင်လို့ပါ"

"ပန်းကလေးတွေမပျက်စီးဘဲ လိပ်ပြာကလေးတွေ ပျက်စီးမှာကို ငါ့မြေးက မြင်ချင်သလား"

မြေးအဘိုးနှစ်ယောက် ပြောနေတုန်းမှာပဲ လိပ်ပြာကလေးတွေ ပိတုန်းကလေး တွေက ပန်းပွင့်ကလေးတွေအပေါ် လာနားကြပြန်သတဲ့။ ဒီမြင်ကွင်းကို ပြတင်းပေါက် ကနေ ကြည့်ပြီး

"အခုလို ပန်းခင်းကလေးထဲမှာ ရောင်စုံလိပ်ပြာ၊ ပိတုန်းကလေးတွေနားနေတဲ့ မြင်ကွင်းနဲ့ စောစောက ငါ့မြေး တုတ်နဲ့ လိုက်ရိုက်နေတဲ့ မြင်ကွင်းနှစ်ခုမှာ ဘယ်ဟာ ပိုလှသလဲ "

မောင်ဖိုးချစ်လေးက သေသေချာချာကြည့်ရင်း စဉ်းစားပြီး

" အခုမြင်ကွင်းက ပိုလှပါတယ်ဘိုးဘိုး သားလဲ ပန်းပွင့်ကလေးတွေနဲ့အတူ လိပ်ပြာကလေးတွေကိုလဲ ချစ်တတ်ပါပြီ။"

ဒီလိုနဲ့ ပန်းချစ်တဲ့မောင်ဖိုးချစ်လေးဟာ ပတ်ဝန်းကျင်ကို ပိုပြီး စိတ်ဝင်စားသွား သတဲ့။

**ဒေါက်တာဌေးလွင်**

### စာလုံးပေါင်းလေ့ကျင့်မယ်။

ပျက်စီး ညှိုးနွမ်း မြင်ကွင်း ဖျက်ဆီး
ခြောက်လှန့် ပြတင်းပေါက် ပန်းဝတ်ရည်

## လေ့ကျင့်ခန်း

၁။ ဘိုးဘိုးက ပန်းနဲ့လိပ်ပြာဆက်နွှယ်ပုံကို ဘယ်လို ရှင်းပြသလဲ။

၂။ မောင်ဖိုးချစ်က ဘယ်လို ပြောင်းလဲသွားသလဲ။

၃။ ကိုယ့်ရဲ့ခံစားချက်ကို ပြောကြည့်ကြရအောင်။

ကလေးတို့ရော ကိုယ့်ပတ်ဝန်းကျင်ကို ချစ်တတ်ပြီလား။



**ပန်းကလေးတွေနဲ့ လိပ်ပြာကလေးတွေအပေါ် မောင်ဖိုးချစ်ရဲ့ သဘောထားကို ဇယားမှာ ဖြည့်ကြည့်ကြရအောင်**

| ဘိုးဘိုးနဲ့ မပြောခင် မောင်ဖိုးချစ် သဘောထား | ဘိုးဘိုးနဲ့ ပြောပြီး မောင်ဖိုးချစ် သဘောထား |
|---|---|
| | |

# (ဃ) ပျော်ပျော်ရွှင်ရွှင် ရေးဖို့ပြင်



အားလပ်ရက်မှာ ဘာလုပ်ကြသလဲ




ရက်စွဲ ၂ . ၁၂ . ၂၀၁၈
(တနင်္ဂနွေနေ့)

မနက်က မေမေနဲ့အတူ ဈေးသွားခဲ့ပါတယ်။

နေ့လယ်မှာ ကိုကိုနဲ့အတူ အခန်းရှင်းကြပါတယ်။

ညနေရောက်တော့ ကာတွန်းရုပ်ရှင်တွေ ကြည့်ကြပါတယ်။

အားလပ်ရက်က ပျော်စရာ ကောင်းပါတယ်။





အားလပ်ရက်မှာ ဘာလုပ်ခဲ့သလဲဆိုတာ
ကလေးတို့ ကိုယ်တိုင်ရေးကြည့်ကြရအောင်

မနက် ______________________________

နေ့လယ် ______________________________

ညနေ ______________________________

ဘယ်လို ခံစားရသလဲ ______________________

## (င) မင်္ဂလာ(ကဗျာ)









### မင်္ဂလာ

ကုသိုလ်ပညာ ဥစ္စာရဖို့
သင့်ရာဒေသ အမြဲနေ။
ရှေးကတင်ကြို ပြုခဲ့ဖူးသည့်
ကောင်းမှု အထူးရှိပါစေ။
မိမိကိုယ်ကို
ကောင်းအောင်ထိန်းလို့
မတိမ်းစေနဲ့ ဆောက်တည်လေ။
ဥစ္စာကိုပေး နေထိုင်ရေး
မြော်တွေး သုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ
ကမ္ဘာ့မင်္ဂလာတွေ။

ဒဂုန်ဦးထွန်းမြင့်

# ပုံပြအဘိဓာန်

| | | | | |
|---|---|---|---|---|
| က<br><br>ကြက်တူရွေး | ခ<br><br>ခေါင်းပေါင်း | ဂ<br><br>ဂေါ်ဖီ | ဃ<br><br>သံဃာ | င<br><br>ငှက်ပျောသီး |
| စ<br><br>စပျစ်သီး | ဆ<br><br>ဆွယ်တာ | ဇ<br><br>ဇော်ဂျီ | ဈ<br><br>ဈေး | ည<br><br>ည |
| ဋ<br><br>ဋီကာကျမ်း | ဌ<br><br>ဌာန | ဍ<br><br>ဍ | ဎ<br><br>ဎ | ဏ<br><br>မဏ္ဍပ် |
| တ<br><br>တိုက်အိမ် | ထ<br><br>ထွန်တုံး | ဒ<br><br>ဒေါင်း | ဓ<br><br>ဓာတ်မီး | န<br><br>နာနတ်သီး |

| ပ | ဖ | ဗ | ဘ | မ |
|---|---|---|---|---|
|  |  |  |  |  |
| ပြက္ခဒိန် | ဖန်ခွက် | ဗျိုင်း | ဘောင်းဘီ | မုန်လာဥ |
| ယ | ရ | လ | ဝ | သ |
|  |  |  |  |  |
| ယပ်တောင် | ရွက်လှေ | လေယာဉ်ပျံ | ဝက်ဝံ | သရက်သီး |
|  | ဟ | ဠ | အ |  |
|  |  |  |  |  |
|  | ဟင်္သာငှက် | ဂဠုန် | အင်္ကျီ |  |